**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA / SSE / NM / ၂၅ / ၂၀၂၄

ရက်စွဲ၊ ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ ၂၃ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၁၉-၉-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက(DCA)Spaceflight(၉/၁၃၁)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မြို့ပြလေကြောင်း စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ၁၂-၉- ၂၀၂၄ ရက်နေ့ ၁၆:၂၅ နာရီအချိန်တွင် Aerospace Flight လှုပ်ရှားမှုကိစ္စနှင့်ပတ်သက်၍ ကြိုတင်သတိပေးချက်(ကြေးနန်း) ပေးပို့အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ကြိုတင်သတိပေးချက်တွင် အာကာသယာဉ်၏လှုပ်ရှားမှု (Aerospace Flight Activity) သည် ၁၅-၁၀-၂၀၂၄ ရက်နေ့မှ ၁၈-၁၀-၂၀၂၄ ရက်နေ့အတွင်း နံနက် ၀၄:၃၀ နာရီမှ ၀၈:၃၀ နာရီအချိန်အတွင်းတွင် ဖြစ်နိုင်ခြေရှိကြောင်း၊ Aerospace Flight အစိတ်အပိုင်းများသည် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မြန်မာ့ရေပိုင်နက်သို့ ကျရောက်နိုင်ကြောင်းနှင့် မြေပြင်မှ အမြင့်ပေအကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ ခန့်မှန်းကျရောက်နိုင်သည့် ဧရိယာကို အောက်ဖော်ပြပါအတိုင်း အသိပေးအကြောင်းကြားလာပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 16° 57' 00" N | 093° 48' 00" E |
| B | 17° 03' 00" N | 093° 20' 00" E |
| C | 17° 44' 00" N | 093° 30' 00" E |
| D | 17° 38' 00" N | 093° 57' 00" E |

၃။ အဆိုပါခန့်မှန်းအချိန်ကာလအတွင်း ခန့်မှန်းကျရောက်မည့်ဧရိယာမှာ မာန်အောင်လေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၆၇) မိုင်ခန့်၊ သံတွဲလေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၅၃) မိုင်ခန့်နှင့် ပုသိမ်လေဆိပ်၏ အနောက်မြောက်ဘက် ရေမိုင် (၅၆)မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်းတွင် ကျရောက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျရောက်နိုင်သည့် ဧရိယာမြေပုံအား **နောက်ဆက်တွဲ** ဖြင့် ဖော်ပြအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၁၅-၁၀-၂၀၂၄ ရက်နေ့မှ ၁၈-၁၀-၂၀၂၄ ရက်နေ့အတွင်း နံနက် ၀၄:၃၀ နာရီမှ ၀၈:၃၀ နာရီအချိန်အတွင်းတွင် အထက်ဖော်ပြပါ တည်နေရာများအတွင်း၌ Aerospace Flight အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုကြပါရန်နှင့် အဆိုပါဧရိယာအနီးမှ လွတ်ကင်းစွာသတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

နောက်ဆက်တွဲ

**04:30 A.M to 08:30 A.M (from 15 to 18 Oct 2024)**

